ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်

# နိုင်ငံတကာဆက်ဆံရေးနှင့် မြန်မာ့နိုင်ငံခြားရေး

**အကျဉ်းချုပ်**

ကမ္ဘာကြီးသည် ဂလိုဘယ်လိုက်ဖေးရှင်း ဖြစ်စဉ်ကြီးအောက်တွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပိုမိုအမှီသဟဲပြု ရပ်တည်လာနေကြသောကြောင့် နိုင်ငံမဟုတ်သော အဖွဲ့အစည်းများ၏ လွှမ်းမိုးမှုကို ပိုမိုထိတွေ့လာရသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတကာဆက်ဆံရေးသည် ကမ္ဘာ့လူမှုအသိုက်အဝန်းကြီးထဲတွင် အဖွဲ့အစည်းများ၊ အုပ်စုများ၊ စီးပွားရေး ကော်ပိုရေးရှင်းများ၊ အသွင်ကူးပြောင်းရေး ကွန်ယက်များဖြင့် ပိုမိုကျယ်ပြန့်လာသည်။

နိုင်ငံတကာဆက်ဆံရေးနယ်ပယ်စုံတွင် နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးအတွက် အရေးကြီးသည့် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွင် သံတမန်ဆက်ဆံရေးသည် တာဝန်အကြီးဆုံး ဖြစ်ပါသည်။ နိုင်ငံကာကွယ်ရေးတွင် စစ်ရေးနည်းဖြင့် ကာကွယ်ရခြင်းသည် နောက်ဆုံးနည်းဖြစ်ပြီး သံတမန်ဆက်ဆံရေးက ပို၍အရေးပါပါသည်။ လူအချင်းချင်းဆက်ဆံကြရာတွင်လည်း ယဉ်ကျေးဖွယ်ရာဆက်ဆံခြင်း၊ တစ်ဦး၏အလိုသဘောကို တစ်ဦးကနားလည်သဘောပေါက်အောင် ကြိုးစားခြင်းဖြင့် ပဋိပက္ခများကိုလျော့ပါးစေပြီး ချစ်ကြည်ငြိမ်းချမ်းစွာဆက်ဆံရေး နှစ်ဦးနှစ်ဖက် အကျိုးစီးပွားများ တည်ဆောက်နိုင်ရေးတို့ကို ဦးတည်နိုင်မည်ဖြစ်ပါသည်။

ဤစာတမ်းတိုတွင် နိုင်ငံတကာဆက်ဆံရေး၏ အဓိပ္ပာယ်၊ ရည်ရွယ်ချက်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်နှင့်အညီ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေးမျှော်မှန်းချက်ကိုဦးတည်ပြီး လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် သံတမန်ရေးနည်းလမ်းများဖြင့် နိုင်ငံခြားရေးမူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန် တင်ပြထားပါသည်။

သုတေသနစာတမ်းတိုအမှတ် (၁၂၉)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်အလက်များဖော်ပြမှု နည်းနာနိဿယများ | ၃ |
| ၄။ | နိုင်ငံတကာဆက်ဆံရေး၏အဓိပ္ပာယ် | ၄ |
| ၅။ | နိုင်ငံတကာဆက်ဆံရေး၏ သဘောသဘာဝ | ၄ |
| ၆။ | နိုင်ငံတကာဆက်ဆံရေး၏ သီအိုရီအယူအဆများ | ၆ |
| ၇။ | နိုင်ငံများအကြားဆက်ဆံရေး | ၇ |
| ၈။ | မြန်မာ့နိုင်ငံခြားရေးမူဝါဒ | ၁၀ |
| ၉။ | နိုင်ငံခြားရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၁ |
| ၁၀။ | နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ | ၁၄ |
| ၁၁။ | မြန်မာနိုင်ငံနှင့် နိုင်ငံခြားဆက်ဆံရေးများ | ၁၅ |
| ၁၂။ | နိဂုံး | ၂၁ |

## နိဒါန်း

၁။ ကမ္ဘာ့နိုင်ငံအချင်းချင်း အပြန်အလှန်အမှီသဟဲပြုမှုသည် ကမ္ဘာတစ်ဝှမ်းရှိ လူသားများ၏ အသက်ရှင်ရပ်တည်မှုကို နိုင်ငံတကာဆက်ဆံရေးက ဦးဆောင်ခြင်းဖြင့် ဖြစ်ပေါ်စေပါသည်။ နိုင်ငံခြားရေးရာကိစ္စရပ်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသော နယ်ပယ်များအပေါ် လွှမ်းမိုးမှုမြင့်တက်လျက်ရှိပါသည်။ ငွေကြေးပြိုလဲမှုများ၊ လူမှုပြုပြင်ပြောင်းလဲရေးများ၊ အကြမ်းဖက်မှုများသည် နိုင်ငံခြားတိုင်းပြည်အပေါ် အကျိုးသက်ရောက်မှု ကြီးမားစွာရှိလာသည်။ နိုင်ငံတကာဆက်သွယ်ဆောင်ရွက်မှုများကို ရေးရာအလိုက် ခွဲခြားသတ်မှတ်ကြသည်။ ကုန်သွယ်ရေး၊ နိုင်ငံတကာလုံခြုံရေး၊ ခရီးသွားလာရေး၊ နည်းပညာ ပေါင်းစည်းရေး၊ ယဉ်ကျေးမှုဖလှယ်ရေး နှင့် ချူကလီးယားလက်နက်များ ထိန်းချုပ်ရေးစသည့် နယ်ပယ်ရေးရာများကိုလိုက်၍ နိုင်ငံအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု ပြုကြသည်။[1]

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတို၏ ရည်ရွယ်ချက်မှာ မိမိနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်စိုးရေး နှင့် နယ်မြေတည်တံ့လုံခြုံရေးကို သံတမန်နည်းဖြင့် ကာကွယ်ရမည်ဖြစ်ကြောင်းကို သိရှိနိုင်စေရန် ရေးသားခြင်းဖြစ်ပါသည်။[2]

## အချက်အလက်များဖော်ပြမှု နည်းနာနိဿယများ

၃။ ဤစာတမ်းတိုတွင် အသုံးပြုထားသော သတင်းအချက်အလက်များကို အစိုးရနှင့် နိုင်ငံတကာ Website များမှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ ပြည်တွင်း Website များ၊ စာအုပ်များ၊ မဂ္ဂဇင်းများ နှင့် ကုလသမဂ္ဂနေ့ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာများ မှ သတင်းအချက်အလက်များ ရယူထားပါသည်။

---

[1] မောင်အောင်မျိုး၊ နိုင်ငံခြားရေးမူဝါဒခွဲခြမ်းလေ့လာခြင်းစာအုပ်၊ (စာမျက်နှာ-၅၃) မှ ကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၁၇ ဧပြီ ၂၀၂၀)

[2] သားကောင်းတမန် နှစ်ပတ်လည်မဂ္ဂဇင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊၂၀၁၈ ခုနှစ်မှ ကောက်နုတ်တင်ပြပါသည်။ (ကြည့်ရှုရက် ၁၆ ဧပြီ ၂၀၂၀)

## နိုင်ငံတကာဆက်ဆံရေး၏အဓိပ္ပာယ်

၄။ နိုင်ငံတကာဆက်ဆံရေးဆိုသည်မှာ နိုင်ငံများနှင့် နိုင်ငံမဟုတ်သော အဖွဲ့အစည်းများ အကြား လုပ်ကိုင်ဆောင်ရွက်မှုများဖြစ်သည်။ ထိုသို့ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် နိုင်ငံ၏ နယ်ခြားစည်းများကို ကျော်ဖြတ်၍ ပါဝင်ဆောင်ရွက်ကြရသည်။ ထို့ကြောင့် နိုင်ငံတကာဆက်ဆံရေးသည် နယ်စည်းဖြတ်ကျော်သည့် ဖြစ်စဉ်များ များစွာပါဝင်လာသည်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အမျိုးမျိုးသောဇာတ်ကောင်များစွာ ပါဝင်သည်။ ၎င်းတို့တွင် လူမျိုးစုအုပ်စု အဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှသည် တစ်ဦးတစ်ယောက်ချင်း အနေအထားအထိ ပါဝင်ဆောင်ရွက်ကြသည်။

၅။ နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံကြီး/ ငယ်များ ရှိနေပြီး မိမိတို့၏ အမျိုးသားအကျိုးစီးပွားများအတွက် လိုအပ်သလို ဆက်ဆံရသည်။ ပြိုင်ဆိုင်ရသည်။ ပေါင်းဖက်ရသည်။ ယင်းသို့ ဆက်ဆံရေးအမျိုးမျိုးကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ချစ်ခင်နွေးထွေးသော ဆက်ဆံရေးများ၊ ရန်လိုသော ပြိုင်ဘက်ဆက်ဆံရေးများ၊ မိတ်ဆွေ၊ ရန်သူ၊ မိတ်ဆွေမဖြစ်တဖြစ်၊ ရန်သူ မဖြစ်တဖြစ် စသည်များ ဖြစ်လာကြသည်။ နိုင်ငံတကာဆက်ဆံရေးသည် နိုင်ငံအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရေးအတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ရာ နိုင်ငံတိုင်းက နိုင်ငံခြားရေးမူဝါဒကို ပြည်တွင်းမူဝါဒအပေါ် အခြေပြု တိုးချဲ့ချမှတ်လေ့ရှိကြသည်။

## နိုင်ငံတကာဆက်ဆံရေး၏ သဘောသဘာဝ

၆။ နိုင်ငံတကာဆက်ဆံရေးပညာရပ်သည် လျင်မြန်စွာပြောင်းလဲနေသော ကမ္ဘာကြီး၏လှုပ်ရှားမှုများကို လေ့လာသောပညာရပ်ဖြစ်သည်။ ပြောင်းလဲလာသော ကမ္ဘာကြီးတွင် ကောင်းကျိုးကို ဦးတည်သောလုပ်ရပ်များ ရှိလာသကဲ့သို့ ဆိုးကျိုးကို သက်ရောက်စေသောအရာများလည်း ပါဝင်လာသည်။ အကြမ်းဖက်မှုခြိမ်းခြောက်ခံရခြင်းများ၊ နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုများ၊ လူမျိုးတုံးသတ်ဖြတ်မှုများသည် ဆိုးကျိုးကိုပြသသော လက္ခဏာရပ်များ ဖြစ်ပါသည်။ ဒီမိုကရေစီပျံ့နှံ့လာခြင်း၊ ငြိမ်းချမ်းသောနိုင်ငံများ တိုးပွားလာခြင်းနှင့် ကမ္ဘာ့နိုင်ငံများအကြား ကြီးမားစွာပူးပေါင်း

ဆောင်ရွက်မှုများ ပြုလုပ်နိုင်ခြင်းစသည်တို့သည် ကမ္ဘာ့ကောင်းကျိုး၏ လက္ခဏာများ ဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေး၏ သဘောကိုသိရန် အောက်ပါအချက်(၂) ချက်ဖြင့် လေ့လာနိုင်ပါသည်-

(က) **အကြောင်းအချက်ကိုလေ့လာခြင်း။** နိုင်ငံတကာဆက်ဆံရေးတွင် ပါဝင်ဆောင်ရွက်သူများသည် သမ္မတများ၊ စစ်ဘက်ဆိုင်ရာ အရာရှိများနှင့် သံတမန်များ ဖြစ်ကြသည်။ ၎င်းတို့သည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၏ အဓိကပါဝင်သူများ ဖြစ်သော်လည်း မြောက်မြားစွာသော ပြည်သူလူထုသည် နိုင်ငံတကာဆက်ဆံရေးတွင် ပါဝင်ဆောင်ရွက်နေကြသည်။ နိုင်ငံသားများသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲများပေးခြင်းဖြင့်ဖြစ်စေ၊ နိုင်ငံရေးမဲဆွယ်ပွဲများတွင် ပါဝင်ခြင်းဖြင့်ဖြစ်စေ ပါဝင်နေကြသည်။ အခြားတစ်ဖက်တွင်လည်း နိုင်ငံတကာကုန်စည်များကို ဝယ်ယူသုံးစွဲခြင်းဖြင့်ဖြစ်စေ ပြည်တွင်းပြည်ပ သတင်းများကို စောင့်ကြည့်ခြင်းဖြင့်ဖြစ်စေ ပါဝင်လာနေကြသည်။ ထို့ကြောင့် နိုင်ငံအတွင်းရှိ နိုင်ငံသားအားလုံးသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်အတွင်းမှာပင် အလိုအလျောက် ပါဝင်နေပြီးသူများ ဖြစ်နေကြသည်။ နိုင်ငံတကာစီးပွားရေး ပြိုင်ဆိုင်မှုများနှင့် ကမ္ဘာ့စီးပွားရေးသည် ဘွဲ့ရကျောင်းသားများ၏ အလုပ်အကိုင်ရရှိမှု၊ မရရှိမှုကိုများစွာ သက်ရောက်မှု ရှိလာသည်။

**(ခ) နယ်ပယ်ကိုလေ့လာခြင်း။** နိုင်ငံတကာဆက်ဆံရေးသည် နိုင်ငံတကာ၏ နိုင်ငံရေးအကြောင်းကို လေ့လာသော ပညာရပ်ဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေး၏ သဘောသည် ပြည်ပနိုင်ငံများ၏ လုပ်ကိုင်ဆောင်ရွက်ပုံကိုသိရှိရန် နိုင်ငံများကို နိုင်ငံခြားရေးမူဝါဒနှင့် တွဲဖက်၍ လေ့လာခြင်းပင်ဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေး၏ အဓိကသဘောမှာ နိုင်ငံများ၏ နိုင်ငံခြားရေးမူဝါဒကို လေ့လာခြင်းဟုပင် ပြောနိုင်သည်။ [3]

---

[3] Available From: http://www. slideshare.net , [accessed 13 April 2020]

## နိုင်ငံတကာဆက်ဆံရေး၏ သီအိုရီအယူအဆများ

၇။ နိုင်ငံတကာဆက်ဆံရေးကို လေ့လာခဲ့ကြရာတွင် အခြေခံသီအိုရီအယူအဆ ၂ ခုဖြစ်သော ရီယယ်လစ်ဇင် (Realism) နှင့် လစ်ဘရယ်လစ်ဇင် (Liberalism) ဟူ၍ ခွဲထွက်နေပါသည်–

(က) **ရီယယ်လစ်ဇင်**။ ရီယယ်လစ်ဇင်၏အခြေခံသဘောထားမှာ မိမိ၏ အမျိုးသား အကျိုးစီးပွားဖြစ်ထွန်းရေးကို အဓိကထားပြီး နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ ကိစ္စ တစ်ခုတွင် သို့မဟုတ် နိုင်ငံခြားဆက်ဆံရေးကြီး တစ်ခုလုံးတွင် မိတ်ဆွေရှာပြီး လုပ်ကိုင်ခြင်းဖြစ်သည်။ နိုင်ငံတိုင်းသည် မိမိ၏အမျိုးသားအကျိုးစီးပွားများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်ကြသောကြောင့် အကျိုးတူဖြစ်နိုင်သော နိုင်ငံအချင်း ချင်း နှင့် ပေါင်းဖက်ပြီး တစ်ပြိုင်တည်း ဘုံရန်သူကို ရင်ဆိုင်ကြသည်။ မှားသည်၊ မှန်သည်၊ တရားသည်၊ မတရားသည်စသော ကျင့်ဝတ်ဝတ္တရားအယူအဆများ၊ တန်ဖိုးများကို အလေးမထားသော သဘောဖြစ်သည်။ တစ်နည်းဆိုသော် ရီယယ် လစ်ဇင်က “ဘယ်သူသေသေ ငတေမာရင် ပြီးရော” သဘောဖြင့် မိမိနှင့် မိမိအုပ်စု အဖွဲ့အစည်းအကျိုးစီးပွားကို ရှေ့တန်းတင်သည်။ လျှို့ဝှက်စာချုပ် သဘောတူညီ ချက်များဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ရေးကို ရှေ့တန်းတင်သည်။

(ခ) **လစ်ဘရယ်လစ်ဇင်**။ လစ်ဘရယ်လစ်ဇင်၏ အယူအဆမှာ နိုင်ငံတိုင်းက အမျိုးသား အကျိုးစီးပွားကို ဖော်ထုတ်ကြသော်လည်း အားလုံးညီညွတ်မျှတစွာ ပေါင်းဖက်ပြီး အကျိုးဖြစ်ထွန်းရေးကို ဦးတည်သည်။ မှားသည်၊ မှန်သည်၊ တရားသည်၊ မတရား သည်၊ အများကောင်းကျိုးဖြစ်စေသည်၊ ဆိုးကျိုးဖြစ်စေသည် ဆိုသော တန်ဖိုးများ ကို အလေးထားပြီး အခြေအနေတစ်ရပ်ရပ်တွင် အမှန်တရား၊ အများကောင်းကျိုး ရရှိရေးကို ဦးတည်သည်။ အများသဘော တူညီချက်များ၊ စာချုပ်စာတမ်းများ၊ နိုင်ငံအများကလက်ခံသော နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အခြေခံမူကြီးများ၊

ဥပဒေအယူအဆများကို ဖော်ထုတ်တန်ဖိုးထားပြီး အကောင်အထည်ဖော်ရေး ဖြစ်ပါသည်။[4]

## နိုင်ငံများအကြားဆက်ဆံရေး

၈။ နိုင်ငံနှစ်နိုင်ငံအကြား ဆက်သွယ်ရေးကို နယ်ပယ်ရေးရာအလိုက် အခြေခံအချက် (၂) ချက်ဖြင့်သာ ခွဲခြားသည်။ ၎င်းအခြေခံအချက် (၂) ချက်မှာ – ပဋိပက္ခနှင့်ပူးပေါင်းခြင်းပင်ဖြစ်သည်။ အခြားနိုင်ငံများနှင့် နိုင်ငံတကာပဋိပက္ခဖြစ်ပွားနေခြင်းကို ဦးစွာစစ်ကြည့်လိုက်လျှင် နိုင်ငံအားလုံးသည် အမြင့်မားဆုံး သြဇာအာဏာကို အလိုရှိနေခြင်းကြောင့်သာ ဖြစ်သည်ဟု တွေ့နိုင်သည်။ နိုင်ငံတကာပဋိပက္ခအမျိုးအစား (၆)မျိုး ရှိသည် –

(က) **နယ်မြေအငြင်းပွားမှုများ။** နယ်မြေအငြင်းပွားမှုများတွင် အောက်ပါအချက်(၃)ချက်ကို မူတည်၍ ဖြစ်ပွားလေ့ရှိသည်–

(၁) **ခွဲထွက်ရေး။** အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ နယ်မြေထဲမှ သီးသန့်နယ်မြေတစ်ခုခွဲထွက်၍ နိုင်ငံထူထောင်ခြင်းကို ခွဲထွက်ရေးဟု ခေါ်သည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံအတွင်းရှိ နယ်မြေတစ်ခုက ထိုနိုင်ငံ၏အချုပ်အခြာအာဏာမှ ခွဲထွက်ကာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရယူခြင်းဟုလည်း ခေါ်ဆိုသည်။

(၂) **ရေပိုင်နက်။** ရေပိုင်နက်ချင်းထိစပ်နေသောနိုင်ငံများတွင် ရေပိုင်နက်အငြင်းပွားမှု၏ ခြိမ်းခြောက်ခြင်းကို အမြဲလိုလိုခံကြရသည်။ နိုင်ငံများသည် မိမိနိုင်ငံနှင့် ထိစပ်နေသော ကုန်းမြေမှ ရေမိုင် ၃ မိုင်အထိသာ အချုပ်အခြာအာဏာသက်ရောက်သည်ဟု သတ်မှတ်ခဲ့ကြသည်။ သို့သော် ရေမိုင် ၃ မိုင်ထက်ကျော်လွန်ပါက မိမိနိုင်ငံ၏အချုပ်အခြာအာဏာ သက်ရောက်မှု ရှိ–မရှိဆိုသည့် အငြင်းပွားမှုများ ဖြစ်ပွားခဲ့ပြီးနောက် သဘော်သွားလာခွင့်ကို ကမ်းစပ်မှ ၁၂ မိုင်အထိ ခွင့်ပြုခဲ့ပြီး ကမ်းစပ်မှ မိုင် ၂၀၀ အထိကို စီးပွားကူးသန်းရောင်းဝယ်ရေးဇုန်အဖြစ် သတ်မှတ်ခဲ့သည်။

[4] ဆင်ဖြူကျွန်းသန်းထွန်း၊ မြန်မာ့နိုင်ငံခြားဆက်ဆံရေးများစာအုပ်၊ (စာမျက်နှာ–၃၇၃) မှ ကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၇ ဧပြီ ၂၀၂၀)

(၃) **လေပိုင်နက်။** နိုင်ငံ၏နယ်နိမိတ်တွင် နိုင်ငံတစ်ခုအပေါ်ရှိလေပိုင်နက်ကိုလည်း ထည့်သွင်းထားသည်။ နိုင်ငံတစ်ခုအပေါ်မှ လေယာဉ်တစ်စင်း ဖြတ်သန်းချင်လျှင် ထိုနိုင်ငံ၏ခွင့်ပြုချက်ကိုရယူရန်လိုသည်။

(ခ) **အစိုးရ၏ ထိန်းချုပ်မှုကြောင့် ဖြစ်ပွားသော ပဋိပက္ခများ။** ကမ္ဘာတစ်ဝှမ်းတွင် နိုင်ငံနယ်နိမိတ်ကို အကြောင်းပြု၍ ဖြစ်ပွားသော ပဋိပက္ခများသည် သာမာန်ဖြစ်လေ့ဖြစ်ထရှိသော်လည်း အစိုးရ၏ဝင်ရောက်စွက်ဖက်မှုများကြောင့် ဖြစ်လာသောပြဿနာများက များသထက်များနေပါသည်။ အစိုးရများသည် နယ်နိမိတ်ကို ကျော်လွန်၍ စွက်ဖက်မှုများပင် ရှိခဲ့သည်။ နိုင်ငံတိုင်းတွင် အစိုးရ၏ အလွန်အကျွံ ထိန်းချုပ်မှုနှင့် ဝင်ရောက်စွက်ဖက်မှုများကြောင့် ပြဿနာများ ပဋိပက္ခများ ပိုမိုများပြားခဲ့ကြသည်။ နိုင်ငံများသည် အခြားသောနိုင်ငံအစိုးရ၏ အုပ်ချုပ်ရေးကို ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ရပါ။

(ဂ) **စီးပွားရေး ပဋိပက္ခများ။** နိုင်ငံတကာဆက်ဆံရေးတွင် စီးပွားရေးယှဉ်ပြိုင်မှုများသည် ပဋိပက္ခအသွင်ကို ပိုမိုဆောင်လာသည်။ အထူးသဖြင့် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေးအသွင် ပြောင်းလဲမှုများကြောင့် ဖြစ်သည်။ စီးပွားရေးပဋိပက္ခများသည် အဓိကရုဏ်းများ ၊ အကြမ်းဖက်မှုများ၊ အရေးအခင်းများကို ဖြစ်ပွားစေသည် မှန်သော်လည်း ၎င်းပဋိပက္ခများကို စစ်ရေးသုံး၍ ဖြေရှင်းခြင်းများသည် ထိရောက်သော ဖြေရှင်းမှုပုံစံ မဟုတ်ပါ။ ကမ္ဘာ့စီးပွားရေး ပြဿနာများအတွက် စစ်ရေးလှုပ်ရှားမှုများ၏ အသုံးစရိတ်သည် များစွာကုန်ကျသကဲ့သို့ ဖြစ်ပွားလာသော အရေးအရာများသည်လည်း ရှုပ်ထွေးကျယ်ပြန့်လှပါသည်။ ထို့ကြောင့် စီးပွားရေးဆိုင်ရာပဋိပက္ခနှင့် ပြဿနာများကို တရားဥပဒေဖြင့်သာ အကောင်းဆုံးဖြေရှင်းကြသည်။

(ဃ) **လူမျိုးရေး ပဋိပက္ခများ။** လူဦးရေများပြားသောနိုင်ငံများတွင် လူမျိုးစု အရေအတွက်များပြားတတ်သည်။ လူမျိုးစုအရေအတွက် များပြားခြင်းသည် လူမျိုးစု

ပဋိပက္ခများကို ဖြစ်ပေါ်လာနိုင်သည်။ ဘာသာစကားမတူခြင်း၊ ယဉ်ကျေးမှုကွဲပြားခြင်း၊ ကိုးကွယ်သည့်ဘာသာမတူခြင်း၊ လူမျိုးစုစရိုက် လက္ခဏာများကွဲပြားနေခြင်းသည် လူမျိုးရေးပဋိပက္ခများကို ဖန်တီးသော အကြောင်းများဖြစ်သည်။

(င) **ဘာသာရေး ပဋိပက္ခများ။** ကမ္ဘာပေါ်တွင် လူမှုအသိုက်အဝန်း၏ အနှစ်သာရသည် ဘာသာရေးပင်ဖြစ်သည်။ ဒေသတစ်ခုအပေါ်လိုက်၍ ကိုးကွယ်ရာဘာသာ အမျိုးအစားများအစုလိုက် ကွဲပြားစွာတွေ့ရသည်။ အိန္ဒိယတွင် ဟိန္ဒူအများစုရှိသည်။ ပါကစ္စတန်တွင် မွတ်ဆလင်အများစုရှိသည်။ အဇာဘိုင်ဂျန်တွင် မွတ်ဆလင်အများစုရှိသည်။ အမေရိကန်တွင် ခရစ်ယာန် အများစုရှိသည်။ ကိုင်ရိုတွင် ရိုမန်ကက်သလစ်ဘာသာဝင် အများစုရှိသည်။ ကိုးကွယ်ယုံကြည်သည့်ဘာသာ အရေအတွက်များပြားခြင်းသည် ပဋိပက္ခဖြစ်မှု၏ အကြောင်းအရင်း တစ်ခုဖြစ်နေပါသည်။

(စ) **ဝါဒရေးရာ ပဋိပက္ခများ။** ဝါဒသည် ဘာသာရေးနှင့် အလားသဏ္ဍာန်တူသည်။ စစ်အေးကာလအတွင်း ကမ္ဘာ့ဝါဒရေးရာ တိုက်ပွဲများရှိခဲ့သည်။ အရင်းရှင် ဒီမိုကရေစီနှင့် ကွန်မြူနစ်ဝါဒ အကြားဖြစ်ပွားသော ဝါဒရေးရာတိုက်ပွဲ၊ အတွေးအခေါ်တိုက်ပွဲ၊ သဘောတရားရေးရာတိုက်ပွဲတို့သည် အလွန်ပြင်းထန်ခဲ့သည်။ ဝါဒရေးရာ ကျဆုံးစေရန် စစ်ရေးပြိုင်ဆိုင်မှုများ ဆင်နွှဲကြသည်။

၉။ အထက်ပါ အကြောင်းပြချက်များကြောင့် ကမ္ဘာပေါ်တွင် နိုင်ငံတည်ငြိမ်ရေး အရင်းအမြစ်ကြီးကို ခြိမ်းခြောက်နေသောအရာသည် လုံခြုံရေးပြဿနာပင် ဖြစ်သည်။ [5]

---

[5] Myanmar National Portal, နိုင်ငံတကာဆက်ဆံရေးကို လေ့လာရန် အရေးပါသော နောက်ခံဖွဲ့စည်းပုံ နိုင်ငံခြားရေးမူဝါဒ၊ Available From: https://www.myanmar.gov.mm/ministry-of-foreign-affairs (ကြည့်ရှုရက် ၁၁ ဧပြီ ၂၀၂၀)

## မြန်မာ့နိုင်ငံခြားရေးမူဝါဒ

၁၀။ မြန်မာ့နိုင်ငံရေးသမိုင်းကို အပိုင်း (၃) ပိုင်း ပိုင်းခြားနိုင်ပါသည်-

(က) **ပါလီမန်ဒီမိုကရေစီခေတ်**။ ၎င်းကာလတွင် ကျင့်သုံးခဲ့သည့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒဖြစ်သော ကြားနေဝါဒ သို့မဟုတ် ဘက်မလိုက်ဝါဒ ဆိုသည်မှာ နှောင်ကြိုးမဲ့အကူအညီ ကိုသာလက်ခံသည်။ စီးပွားရေးအကူအညီပေးကမ်းပြီး ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုများ မရှိစေရန် တားဆီးသည့်ဝါဒဖြစ်ပါသည်။ လွတ်လပ်ရေး ရသည့်အချိန်မှအစပြု၍ တိကျမှန်ကန်သော ကြားနေဝါဒ (positive neutrality) ကို လိုက်နာကျင့်သုံးခဲ့သည်။ မြန်မာ့ကြားနေဝါဒသည် ပိုမိုဖွံ့ဖြိုးလာပြီး ဘက်မလိုက်ဝါဒဟုလည်း ထင်ရှားခဲ့ပါသည်။ အုပ်စုနှစ်ခုကြား ကြားနေရေး၊ မည်သည့်အုပ်စုတွင်မျှ မပါဝင်ရေး၊ နိုင်ငံခြားစစ်စခန်းများကို လက်မခံရေး၊ ကိုလိုနီစနစ်ကို ဆန့်ကျင်ရေး၊ လက်နက်ဖျက်သိမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ နိုင်ငံအချင်းချင်း တန်းတူညီတူဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံရေး၊ စီးပွားရေးစနစ်များကို မိမိ စိတ်ကြိုက် ရွေးချယ်ကျင့်သုံးနိုင်ရေး၊ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ မကျူးကျော်ရေး၊ အမှန်တရားနှင့် တရားမျှတမှုဘက်တွင် ရပ်တည်ရေး စသောလက္ခဏာများဖြစ်သည်။

(ခ) **ဆိုရှယ်လစ်ခေတ်**။ ဆိုရှယ်လစ်ခေတ်တွင် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့သည်။ ပြည်တွင်း- ပြည်ပ ဖိအားများ ပြင်းထန်လာခြင်းကြောင့် ဆိုရှယ်လစ်ခေတ်တွင် နိုင်ငံခြားဆက်ဆံရေးကို တံခါးပိတ်ထားသည်။ နိုင်ငံကြီးငယ်များ၏ ပြဿနာကြီးငယ်များတွင် ရောထွေးပတ်သက်ခြင်း မရှိစေဘဲ တတ်နိုင်သမျှ သီးခြားကင်းလွတ်ဖြစ်အောင် နေထိုင်ကျင့်သုံးခဲ့သည့် ဝါဒဖြစ်သည်။

(ဂ) **နဝတ -နယကခေတ်**။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ဒီမိုကရက်တစ် ပြုပြင်

ပြောင်းလဲရေးများ ဖြစ်လာရေးကိုမျှော်မှန်းပြီး လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့သည်။[6]

၁၁။ အဆင့်ဆင့်တိုးတက်ပြောင်းလဲခဲ့သော်လည်း အခြေခံအနှစ်သာရဖြစ်သော လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့မှု၊ နိုင်ငံတော်လုံခြုံရေး၊ စည်းလုံးညီညွတ်ရေး၊ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ရေးနှင့် ငြိမ်းချမ်းရေးတို့သည် ပြောင်းလဲမှုမရှိဘဲ အမျိုးသားရေးအကျိုးစီးပွားကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒအပေါ် ရပ်တည်၍ နိုင်ငံတကာဆက်ဆံရေးကို နှစ်နိုင်ငံဆက်ဆံရေး(Bilateral relations) ၊ ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစပ်ရေး(Regional integration) နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး (multilateralism) စသည့် နယ်ပယ်များတွင် ကျင့်သုံးလျက်ရှိပြီး မိတ်ဝတ်မပျက်သည့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးကို ထူထောင်လျက်ရှိပါသည်။[7]

## နိုင်ငံခြားရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဓိကတာဝန်မှာ နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ တာဝန်သည် အမျိုးသားအကျိုးစီးပွားများကို ဖော်ဆောင်ရေး ဖြစ်သည်။ အမျိုးသားအကျိုးစီးပွားကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဟူ၍ အပိုင်း (၃) ပိုင်း ပိုင်းခြားနိုင်ပါသည်–

(က) နိုင်ငံရေးအကျိုးစီးပွားမှာ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်စိုးရေးနှင့် နယ်မြေတည်တံ့လုံခြုံရေး ၊

(ခ) စီးပွားရေးအကျိုးစီးပွားမှာ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်

(ဂ) လူမှုရေးအကျိုးစီးပွားမှာ မိမိနိုင်ငံက မြတ်နိုးသော ယဉ်ကျေးမှုအယူအဆများနှင့် တန်ဖိုးများတို့ ဖြစ်ပါသည်။

---

[6] ဆင်ဖြူကျွန်းသန်းထွန်း၊ မြန်မာ့နိုင်ငံခြားဆက်ဆံရေးများစာအုပ်၊ (စာမျက်နှာ-၃၇၈) မှ ကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၇ ဧပြီ ၂၀၂၀)

[7] ဆင်ဖြူကျွန်းသန်းထွန်း၊ မြန်မာ့နိုင်ငံခြားဆက်ဆံရေးများစာအုပ်၊ (စာမျက်နှာ-၃၇၅) မှ ကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၇ ဧပြီ ၂၀၂၀)

၁၃။ မိမိနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်စိုးရေးနှင့် နယ်မြေတည်တံ့ လုံခြုံရေးကို သံတမန်နည်းဖြင့် ကာကွယ်ရမည်ဖြစ်ပါသည်။ သံတမန်တစ်ဦး၏ အရေးကြီးသောလုပ်ငန်းတစ်ခုမှာ ပြည်ပရောက် မြန်မာနိုင်ငံသားများအား စောင့်ရှောက်ရေးဖြစ်သည်။ သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းသည် သံတမန်ဆက်ဆံရေးများတွင် နိုင်ငံတကာက လိုက်နာရသော သဘောတူညီချက် ဖြစ်သည်။

၁၄။ သံတမန်များ၏ လုပ်ငန်းတာဝန်များမှာ–

(က) စေလွှတ်သည့် နိုင်ငံအတွက် ကိုယ်စားပြုရန်၊

(ခ) လက်ခံသောနိုင်ငံ၏ ဥပဒေဘောင်အတွင်းမှ စေလွှတ်သည့် နိုင်ငံနှင့် ယင်းနိုင်ငံသားတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) စေလွှတ်သည့်နိုင်ငံကိုယ်စား လက်ခံသည့်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်း ဆွေးနွေးရန်၊

(ဃ) လက်ခံသည့်နိုင်ငံနှင့် ပတ်သက်၍ အရေးကြီးသည့် ဖြစ်ရပ်များကို ဥပဒေဘောင်အတွင်းမှ စိစစ်စူးစမ်းလေ့လာသုံးသပ်ပြီး စေလွှတ်သော နိုင်ငံအစိုးရထံသို့ သတင်းပို့ အစီရင်ခံရန်၊

(င) နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးရန် တို့ဖြစ်သည်။

၁၅။ သံတမန်လုပ်ငန်းကို First defense line ဟု ဆိုထားသည်။ လက်နက်ကိုင်မထားသော်လည်း မိမိနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်စိုးရေးနှင့် နယ်မြေတည်တံ့လုံခြုံရေးကို သံတမန်နည်း၊ သံတမန်လက်နက်ဖြင့် ကာကွယ်ပါသည်။ မျက်မှောက်ကာလ စိန်ခေါ်မှုတစ်ခုမှာ အများပြည်သူနှင့် ဆက်ဆံရေး ဖြစ်သည်။ ပညာရပ်အရ soft power ဟု ခေတ်စားနေပြီဖြစ်သည်။ ပြည်တွင်းပြည်ပနှင့် အများပြည်သူအတွက် သတင်းထုတ်ပြန်ရေး လုပ်ငန်းသည် အရေးကြီးသော လုပ်ငန်းတာဝန်တစ်ခုဖြစ်သည်။ ပြည်တွင်းသာမက ပြည်ပနှင့် အများပြည်သူများက မိမိနိုင်ငံအကြောင်း၊ ဖြစ်ရပ်မှန်အကြောင်းကို အချိန်နောက်မကျစေဘဲ သိထားစေခြင်း

သည့် များစွာအရေးကြီးသည်ဟု သံတမန်အရည်အချင်းများတွင် “သိကြားစေခြင်း” ဟုဖော်ပြထားသည်။[8]

၁၆။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေး မျှော်မှန်းချက် (vision) ကို ဦးတည်ပြီး လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားရေးမူဝါဒကို အောက်ဖော်ပြပါ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်နှင့်အညီ ကျင့်သုံးလျက်ရှိသည်-

(က) တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊ (Mutual Respect for each other’s territorial integrity and sovereignty)

(ခ) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရန်၊ (To abide by mutual non-aggression)

(ဂ) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ (Non-interface in each other’s internal affairs)

(ဃ) တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်၊ (Respect for mutual equality and to work for mutual benefits)

(င) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်။ (Peaceful co-existence)[9]

---

[8] သားကောင်းတမန် နှစ်ပတ်လည်မဂ္ဂဇင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ၂၀၁၈ ခုနှစ်မှ ကောက်နုတ်တင်ပြပါသည်။ (ကြည့်ရှုရက် ၁၆ ဧပြီ ၂၀၂၀)

[9] Available from: https://www.myanmar.gov.mm/ministry-of-foreign-affairs, Myanmar National Portal, နိုင်ငံခြားရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ (ကြည့်ရှုရက် ၁၁ ဧပြီ ၂၀၂၀)

## နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ

၁၇။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များအား အောက်ပါအတိုင်း သတ်မှတ်ထားသည်-

(က) နိုင်ငံတကာမျက်နှာစာတွင် ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြီး နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စွမ်းအင်၊ စိုက်ပျိုးရေးစသည့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ခ) လေကြောင်းဆိုင်ရာ သဘောတူညီချက်၊ ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်၊ ခရီးသွားလာရေးဆိုင်ရာ သဘောတူညီချက်၊ ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ သဘောတူညီချက်စသည့် နှစ်နိုင်ငံဆိုင်ရာ အကျိုးတူပူးပေါင်းဆာင်ရွက်မှုများ ဆောင်ရွက်ရန်၊

(ဂ) ပြည်ပနိုင်ငံများတွင် သံရုံးများ အသစ်ဆောက်လုပ်ခြင်းနှင့် ရှိပြီးသော နိုင်ငံပိုင် အဆောက်အဦများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်၊

(င) နိုင်ငံတကာမျက်နှာစာတွင် ပြည်ပနိုင်ငံများနှင့် သံတမန်ဆက်ဆံရေးကဏ္ဍ တိုးမြှင့်စေရေးအတွက် ပြည်ပနိုင်ငံများတွင် သံရုံးသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရန်တို့ ဖြစ်ပါသည်။

၁၈။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာပုံရိပ် မြှင့်တင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ပထမဦးစားပေးရည်မှန်းချက်ဖြစ်သည့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေးကို ဆောင်ရွက်ရာတွင် တစ်ဖက်၌လည်း မိမိတို့ ရင်ဆိုင်နေရဆဲ လူ့အခွင့်အရေးစိန်ခေါ်မှုများအား

အမျိုးသားရင်ကြားစေ့ရေးကို မထိခိုက်စေဘဲ ဦးတည်ဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည်။ ဒုတိယဦးစားပေးလုပ်ငန်းအနေဖြင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် ပိုမိုတက်ကြွစွာပါဝင်ခြင်း၊ လူ့အခွင့်အရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစာချုပ်များအား လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုပါဝင်ခြင်းဖြင့် ကတိကဝတ်ပြုမှုများ ပြသခြင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအကျိုးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ နိုင်ငံခြားရေးမူဝါဒကို အာဏာရအစိုးရတစ်ရပ်မှ ချမှတ်ပေးခြင်းဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနရှိ သံတမန်ဝန်ထမ်းများမှ သံတမန်ရေးနည်းလမ်းများဖြင့် အကောင်အထည်ဖော်နေခြင်း ဖြစ်ပါသည်။[10]

## မြန်မာနိုင်ငံနှင့် နိုင်ငံခြားဆက်ဆံရေးများ

၁၉။ မြန်မာနိုင်ငံနှင့် သံအမတ်ကြီးအဆင့် ဆက်သွယ်မှုရှိသော နိုင်ငံပေါင်း (၁၀၁) နိုင်ငံရှိပါသည်။ မြန်မာနိုင်ငံနှင့် ပထမဆုံးသံအမတ်ကြီးအဆင့် ဆက်သွယ်သောနိုင်ငံမှာ ယူနိုက်တက်ကင်းဒမ်း (၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၇ ရက်) ဖြစ်ပြီး နောက်ဆုံးဆက်သွယ်သောနိုင်ငံမှာ ဖီဂျီ (၂၀၁၀ ပြည့်နှစ်၊ မေလ ၁၀ ရက်) ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် သံတမန် အဆက်အသွယ် ထူထောင်သည့် နိုင်ငံပေါင်း (၁၂၃) နိုင်ငံ ရှိပါသည်။ မြန်မာနိုင်ငံနှင့်နောက်ဆုံး သံတမန် အဆက်အသွယ် ထူထောင်သည့်နိုင်ငံမှာ တိုဂိုသမ္မတနိုင်ငံ (၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်) ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးအရေအတွက်ပေါင်း (၄၃) ရုံး ရှိပါသည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တရုတ်နှင့် အိန္ဒိယနိုင်ငံကြီးနှစ်ခုကြားတွင် တည်ရှိသော်လည်း မည်သည့်ဘက်မျှ ယိမ်းယိုင်ခြင်းမရှိဘဲ ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒ ကျင့်သုံးကာ နေထိုင်လာခဲ့သည်။ မြန်မာနိုင်ငံသည် ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒနှင့်အညီ တရုတ်၊ အိန္ဒိယ၊ အာဆီယံ၊ ဘင်းမ်စတက်နှင့် ကုလသမဂ္ဂ တို့နှင့် ဆက်ဆံခဲ့ကြောင်းကိုလည်း ဖော်ပြထားပါသည်-

(က) **မြန်မာ-တရုတ် ဆက်ဆံရေး။** မြန်မာ့နိုင်ငံခြားဆက်ဆံရေးများတွင် မြန်မာ-တရုတ်ဆက်ဆံရေးသည် ၁၉၈၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နယ်စုံတိုးတက်

[10] Myanmar National Portal၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မူဝါဒနှင့်ရည်မှန်းချက်များ, available from: https://www.myanmar.gov.mm/ministry-of-foreign-affairs (ကြည့်ရှုရက် ၂၄ ဧပြီ ၂၀၂၀)

ကျယ်ပြန့်လာခဲ့သည်။ မြန်မာနိုင်ငံသည် အနောက်အုပ်စု၏ ပိတ်ဆို့မှုကြောင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးများ ဖြစ်လာခဲ့သော်လည်း နောက်ပိုင်းတွင် တရုတ်ဘက်က ဈေးကွက်ချဲ့ထွင်လာခြင်းကြောင့် အခြားအရှေ့တောင်အာရှနိုင်ငံများ နည်းတူ မြန်မာ–တရုတ် စီးပွားဆက်ဆံရေးများလည်း တိုးချဲ့လာခဲ့သည်။ တရုတ်ဘက်က အသာစီးရနေသောကြောင့် မြန်မာကို တရုတ်နောက်လိုက်နိုင်ငံတစ်ခု အဖြစ် ပြောဆိုကြသည်။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၏ ကုန်ကြမ်းကုန်ချော ဈေးကွက်ဟု အချို့ကပြောကြသည်။ ၂၁ ရာစု အရောက်တွင် တရုတ်နိုင်ငံ၏ အနောက်ဘက် ပင်လယ်ထွက်ပေါက်ရှာဖွေရေးတွင် မြန်မာနိုင်ငံသည် မပါမဖြစ် နေရာတွင်ရှိလာသည်။ အနောက်အုပ်စု၏ ပိတ်ဆို့မှုများ ပိုမိုပြင်းထန်လာသည်နှင့်အမျှ တရုတ်အပေါ် သံတမန်နည်းလမ်းအရ အားကိုးအားထားခဲ့ရသည်။ တရုတ်ဘက်အနေဖြင့် အခွင့်ကောင်းကို လက်လွတ်မခံဘဲ မြန်မာနိုင်ငံတွင် ဘက်ပေါင်းစုံ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ခဲ့ရာ မြစ်ဆုံစီမံကိန်း၊ လက်ပံတောင်းတောင်စီမံကိန်း၊ ရေနံဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း၊ ကျောက်ဖြူ–ကူမင်းရထားလမ်း၊ ကားလမ်းစီမံကိန်း၊ ကျောက်ဖြူရေနက် ဆိပ်ကမ်းစီမံကိန်း စသည်များအထိ ကျယ်ပြန့်ခဲ့သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် အင်ဒိုချိုင်းနားကျွန်းဆွယ်၏ တောင်ဘက်အဆုံးပိုင်းတွင် တည်ရှိနေပြီး အိန္ဒိယသမုဒ္ဒရာ၊ ဘင်္ဂလားပင်လယ်အော်တို့နှင့်လည်း ထိစပ်နေသည်။ ထို့ကြောင့် တရုတ်တို့၏ ခေတ်သစ်ပိုးလမ်းမကြီးအတွက် ကုန်းလမ်း၊ ရေလမ်း နှစ်မျိုးလုံးဆုံဆည်း နိုင်သောနေရာ ဖြစ်သည်။

(ခ) **မြန်မာ– အိန္ဒိယဆက်ဆံရေး။** မြန်မာ–အိန္ဒိယဆက်ဆံရေးများသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် အိန္ဒိယ၏ Look East (အရှေ့မျှော်ဝါဒ) မူဝါဒကြောင့် စတင်ဖြစ်မြောက်လာခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ဩဇာ နယ်ပယ်ကျယ်ပြန့်လာခြင်းနှင့် အိန္ဒိယအရှေ့မြောက်ဒေသလုံခြုံရေးသည် အရေးကြီးဆုံးကိစ္စအဖြစ် အလေးထားခဲ့ပြီး စီးပွားကုန်သွယ်ရေးကိစ္စများသည် ဒုတိယ

အဆင့်သဘောမျိုး ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် မြန်မာ–အိန္ဒိယနယ်စပ်တွင်ရှိသော သောင်းကျန်းသူများ နှိမ်နှင်းရေးအတွက် မြန်မာဘက်နှင့် ပူးပေါင်းဆောင်ရွက်လိုခြင်း၊ အိန္ဒိယအရှေ့မြောက်ဒေသများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ရခိုင်ပြည်နယ်၊ ကုလားတန် မြစ်ကြောင်းမှတစ်ဆင့် ရေလမ်း၊ ကားလမ်း ဖောက်လိုခြင်း၊ တစ်ပြိုင်တည်း ကလေး–တမူး လမ်းကြောင်းမှ ကုန်သွယ်မှုကို မြှင့်တင်လိုခြင်း၊ နောက်ပိုင်းတွင် မြန်မာဘက်နှင့်ပူးပေါင်းပြီး ချင်းတွင်းမြစ်ဝှမ်းတွင် ထမံသီ ရေကာတာ ဆောက်လုပ်ပြီး လျှပ်စစ်ဓာတ်အားထုတ်လိုခြင်း၊ ရခိုင်ပြည်နယ် ကမ်းလွန်မှ ဓာတ်ငွေ့ကို တူးဖော်ဝယ်ယူပြီး အရှေ့မြောက်ဒေသသို့ ပို့လွှတ်လိုခြင်းတို့ ရှိခဲ့ပါသည်။ ယင်းကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်ရန် မြန်မာဘက်က စိတ်ဝင်စားသော်လည်း နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုဖြတ်ပြီး ပိုက်လိုင်းသွယ်တန်းရေးကိစ္စအပါအဝင် အိန္ဒိယဘက်က အခြားကိစ္စများကြောင့် မြန်မာနိုင်ငံမှ ဓာတ်ငွေ့ဝယ်ယူပြီး ပိုက်လိုင်းသွယ်တန်းရေး၊ ထမံသီဆည်ဆောက်လုပ်ရေး မျှော်မှန်းချက်များအတွက် လက်တွေ့တွင် မဖြစ်မြောက်ခဲ့ကြောင်း တွေ့ရပါသည်။ တမူး–ကလေး ကားလမ်းကြောင်းမှ ကုန်သွယ်မှု၊ ကုလားတန် မြစ်ကြောင်း ခရီးလမ်းဖော်ထုတ်မှုများမှာ လက်တွေ့ ဖြစ်မြောက်လာခဲ့ပါသည်။ ယင်းလုပ်ငန်းနှင့် ဆက်စပ်ပြီး စစ်တွေဆိပ်ကမ်း တိုးတက်မြှင့်တင်ရေးသည် စီးပွားရေးအတွက်သာမက လုံခြုံရေးအတွက်ပါ အရေးကြီးလာခဲ့သည်။ အိန္ဒိယနိုင်ငံသည် လက်ရှိကာလတွင် ၎င်း၏နိုင်ငံခြားရေးမူဝါဒအဖြစ် “အရှေ့နှင့်ထိတွေ့ ဆက်ဆံရေး မူဝါဒ” နှင့် “အိမ်နီးချင်း ဦးစားပေးမူဝါဒ” တို့ကို ကျင့်သုံးနေသည်။[11]

(ဂ) **အာဆီယံ – မြန်မာ ဆက်ဆံရေး။** အာဆီယံအဖွဲ့ကြီးကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်က စတင်ဖွဲ့စည်းခဲ့ပါသည်။ အာဆီယံ၏ အဓိကဦးစားပေးရည်မှန်းချက်မှာ "စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊

---

[11] Aavailable from: https://www.mofa.gov.mm/deplomatic-relations-with-myanmar, Ministry of Foreign Affairs , Diplomatic Relations with Myanmar မှ ကောက်နုတ်ထားပါသည်။ [accessed 20 April 2020]

ဒေသတွင်း ယဉ်ကျေးမှုနှင့်လူမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ အရှေ့တောင်အာရှ နိုင်ငံများအကြား ငြိမ်းချမ်းသာယာဝပြောသော လူ့အဖွဲ့အစည်း ပေါ်ထွက်လာစေရန် အဖွဲ့ဝင်နိုင်ငံအားလုံး သာတူညီမျှ ပူးပေါင်းဆောင်ရွက်ကြရန်" ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံသည် အာဆီယံ အဖွဲ့ကြီးသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံထဲသို့ ဝင်ရောက်သည့်အချိန်မှစပြီး အာဆီယံ၏လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ခဲ့ပါသည်။ အာဆီယံသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ အကောင်အထည်ဖော်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သကဲ့သို့ အာဆီယံနှင့်အတူ အာရှငွေကြေးအကျပ်အတည်း၊ မီးခိုးမြူပြဿနာ၊ SARS ရောဂါ ကျရောက်မှုစသော အခက်အခဲ အကျပ်အတည်းများကို အောင်မြင်ကျော်လွှားခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ရာမှ အာဆီယံ အချက်အချာကျမှုနှင့် အာဆီယံပေါင်းစည်းမှုကို မြှင့်တင်နိုင်ခဲ့ပါသည်။ အာဆီယံ ဒေသတွင်းနှင့် ဆွေးနွေးဖက်နိုင်ငံတွေအကြား ပေါင်းစည်းမှုကို မြန်မာနိုင်ငံက မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ အာဆီယံက ဦးဆောင်ကျင်းပသော ဆွေးနွေးပွဲများနှင့် အာဆီယံထိပ်သီးဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံက သံတမန်ရေးရာ အသားကျမှုဖြင့် အမြော်အမြင်ရှိမှုကို ပြသနိုင်ခဲ့ပါသည်။[12]

**(ဃ) ဘင်းမ်စတက်- မြန်မာ ဆက်ဆံရေး။** ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (BIMSTEC)သည် ဘင်္ဂလားပင်လယ်အော်ကမ်းရိုးတန်း တစ်လျှောက်နှင့် နီးစပ်လျက်ရှိသော နိုင်ငံပေါင်း (၇)နိုင်ငံဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းအဖွဲ့အစည်းကို ၁၉၉၇ခုနှစ်၊ ဇွန်လ(၆) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဘန်ကောက်ကြေညာစာတမ်းအရ ဒေသတွင်းအဖွဲ့အစည်းတစ်ခုအဖြစ် တရားဝင်ရပ်တည်ခဲ့ပါသည်။ ဘင်းမ်စတက်

[12] Myanmar Times, Available from: https://myanmar.mmtimes.com/features/24692-2017-02-15-13-55-51.html ၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အာဆီယံ - မြန်မာ ဆက်ဆံရေးမှ ကောက်နုတ်ထားပါသည်။ [ accessed 11 May 2020]

တွင် တောင်အာရှမှ (၅) နိုင်ငံ (ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါနှင့် သီရိလင်္ကာ) နှင့် အရှေ့တောင်အာရှမှ (၂) နိုင်ငံ (မြန်မာ နှင့်ထိုင်း) တို့ပါဝင်ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များတွင် အကျိုးရှိစေနိုင်မည်ဟု ယူဆ၍ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၄ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ၊ နေပြည်တော်၌ ကျင်းပခဲ့သော တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးကြီး၏ အောင်မြင်မှုပြယုဒ် တစ်ခုဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့၌ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံးကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် တရားဝင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဘင်းမ်စတက်အဖွဲ့တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း ၊ စွမ်းအင်၊ နည်းပညာ၊ ရေလုပ်ငန်း၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် ရာသီဥတုအစရှိသည့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (၁၄) ခု ရှိပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားရာ စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးကို ၂၀၀၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဦးစီးကျင်းပခဲ့ပါသည်။ ထို့အပြင် ဦးဆောင်နိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား အကျိုးရှိစေမည့် စိုက်ပျိုးရေးကဏ္ဍဘုံစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောဘဏ္ဍာငွေ အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ အဖွဲ့အစည်း၏ ရည်မှန်းချက်များမှာ ဒေသတွင်းအရင်းအမြစ်များ၊ ပထဝီဝင်အနေအထားအရ အရေးပါမှုကို အသုံးချခြင်းနှင့် ဂလိုဘယ်လိုက်ဖေးရှင်းဖြစ်စဉ်ကို လျော့ပါးစေရန်အတွက် ဘုံအကျိုးဖြစ်ထွန်းစေသော နေရာများတွင်

အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ရန်ဖြစ်သည်။ အခြားသောဒေသတွင်း အဖွဲ့အစည်းများနှင့်မတူဘဲ ဘင်းမ်စတက်သည် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။[13]

(င) **ကုလသမဂ္ဂ – မြန်မာ ဆက်ဆံရေး။** ကုလသမဂ္ဂသည် နိုင်ငံတကာတရားဥပဒေ စိုးမိုးရေး၊ လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့အတွက် ဖွဲ့စည်းထားသည့် နိုင်ငံတကာအဖွဲ့အစည်း ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၃) နိုင်ငံရှိပြီး အဖွဲ့ဌာနချုပ်ကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် ဖွဲ့စည်းထားသည်။ ၁၉၄၅ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် ကုလသမဂ္ဂအမည်ဖြင့် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သော ပြင်သစ်၊ တရုတ်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံ (၅) နိုင်ငံနှင့် အခြားနိုင်ငံ (၄၆) နိုင်ငံဖြင့် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည်မှာ (၇၂) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ "ယနေ့ကမ္ဘာကြီးသည် နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်း၍မရသော ပြင်းထန်သည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂသည် ဘက်ပေါင်းစုံပါဝင်သောကိစ္စရပ်များအတွက် အဓိကအရေးပါသည်ဟု မှတ်ယူပါကြောင်း၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံခြားရေးမူဝါဒ၏ အလေးထားသောနေရာတွင် ရှိနေပါကြောင်း၊ ပြည်တွင်း စိန်ခေါ်မှုများ ကြုံတွေ့နေရသော ဒီမိုကရေစီဖော်ဆောင်လျက်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ကုလသမဂ္ဂနှင့်အတူတကွ ဆက်လက်ဆောင်ရွက်ရန်" နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားပါသည်။[14]

[13] ဘင်္ဂလားပင်လယ်အော်ဒေသကဏ္ဍစုံနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ Ministry of Hotels and Tourism, Available from: https://tourism.gov.mm/mm/bay-of-bengal-initiative-for-multi-sectoral-technical-and-economic-cooperation/ [ accessed 11 May 2020]

[14] ကုလသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံအားလုံး အကျိုးအတွက် ဖြစ်သည့်အပြင် အဖွဲ့၏ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ရေးအတွက် ကုလသမဂ္ဂ၏ စည်းမျဉ်းများကို တစ်ပြေးညီ လိုက်နာကျင့်သုံးရန် လိုအပ်ဟု နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြ၊ Eleven, Available from: https://news-eleven.com/article/141906 [ accessed 11 May 2020]

## နိဂုံး

၂၀။ "သံတမန်" ဟူသည် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ မင်းတစ်ပါးနှင့်တစ်ပါး၊ နိုင်ငံတော်အကြီးအကဲ တစ်ဦးနှင့်တစ်ဦး၊ လူတစ်ယောက်နှင့် တစ်ယောက်အကြား သွားလာဆက်သွယ်သော ကိုယ်စားလှယ်ဖြစ်သည်ဟု သိရှိရပါသည်။ သံတမန်များသည် နိုင်ငံရပ်ခြားတိုင်းပြည်များတွင် စေလွှတ်သည့်နိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရသကဲ့သို့ လက်ခံသည့်နိုင်ငံ၏ ပြည်တွင်းပြည်ပရေးရာများကိုလည်း လေ့လာသုံးသပ်၍ မိမိနိုင်ငံရှိ အစိုးရအာဏာပိုင်များထံသို့ ပြန်လည် သတင်းပို့ကြရပါသဖြင့် သံတမန်များကို "ဂုဏ်သရေရှိ သူလျှိုများ" ဟုလည်း အချို့က သတ်မှတ်ကြပါသည်။

၂၁။ နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်၍ စစ်ရိပ်စစ်ငွေ့များ ပေါ်လာသည့် အခါများ၌ စစ်မီးများ မလောင်ကျွမ်းမီ တပ်ဦးပမာ ရှေးဦးစွာဝင်ရောက်ကာကွယ်ပြီး ပြေလည် ငြိမ်းအေးစေရေးအတွက် ညှိနှိုင်းပေးရသည့်တာဝန်မှာ သံတမန်တို့၏ အဓိကတာဝန်ဖြစ်ပါသည်။ သံတမန်လောကကို first line of defense power ဟု ပြောလေ့ရှိရာ သံတမန်များ၏ လက်နက်ဆိုသည်မှာ နှုတ်ရေးကြွယ်ဝခြင်းဟုသာ နားလည်ပါသည်။ တစ်နည်းဆိုသော် သံတမန်များအနေဖြင့် တိုင်းတစ်ပါးနှင့် ထိတွေ့ဆက်ဆံပြီး လုပ်ငန်းဆောင်ရွက်ရာတွင် လက်နက်ဆိုသည်မှာ နှုတ်ရေးကြွယ်ဝခြင်းသာဖြစ်သည်။ "နှုတ်ချိုလျှို့တစ်ပါး"ဟု ကြားဖူးပါသည်။

၂၂။ နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အမျိုးသားအကျိုးစီးပွားကို ဦးတည်လုပ်ကိုင်ဆက်ဆံကြသည်သာဖြစ်ပြီး ခေတ်ကာလပြောင်းလဲ လာသည်နှင့်အမျှ အယူအဆ၊ အတွေးအခေါ်များ၊ လုပ်နည်းလုပ်ဟန်များ ပြောင်းလဲလာကြသည်ကိုလည်း တွေ့မြင်ကြရသည်။ မျက်မှောက်ခေတ်ကာလတွင် ပြည်တွင်းပြည်ပရေးရာများသည် အများပြည်သူ၏ အရေးကိစ္စများ ဖြစ်လာပြီး နိုင်ငံတစ်နိုင်ငံ၊ အုပ်စုတစ်ခုခု၏ အရေးကိစ္စများသာ မဟုတ်ဘဲ လူသားတစ်ရပ်လုံး၏ အရေးကိစ္စများအဖြစ် အလေးထား ဆောင်ရွက်လာကြောင်း တွေ့မြင်ရပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့်

နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာပုံရိပ်မြှင့်တင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်တင်နီလာဝင်း (ဦးစီးအရာရှိ) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်း ဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော် ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော် ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်အညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့်တွေ့ဆုံတိုင်ပင် သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော် ဝန်ထမ်းများနှင့်ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅